# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
# ပေကျင်းမြို့

No. 6 Dong Zhi Men Wai Street, Chao Yang District

Tel: 0086 10 6532 0351, 6532 0412

Fax: 0086 10 65320408


## မြန်မာနိုင်ငံသားအမျိုးသမီးများအတွက် (Notarial Attestation / Translation) ထပ်ဆင့်ထောက်ခံစာ ထုတ်ပေးနေခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း (၀၀၁/၂၀၂၅)

၁။ မြန်မာသံရုံး၊ ပေကျင်းမြို့အနေဖြင့် တရုတ်နိုင်ငံအတွင်းတွင် တရားဝင်အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများ၊ တရုတ်နိုင်ငံသားများနှင့် တရားဝင်လက်ထပ်မည့် မြန်မာအမျိုးသမီးများ၊ ပညာတော်သင် မြန်မာကျောင်းသား/ကျောင်းသူများ၏ ဘွဲ့လက်မှတ်များအား သံရုံးအနေဖြင့် (Notarial Attestation) မှန်ကန်ကြောင်း ထပ်ဆင့်ထောက်ခံခြင်းများကို သတ်မှတ်ချက်များ နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လူသုံးများရေပန်းစားနေသည့် Online Platform တစ်ခုဖြစ်သော Douyin (Tiktok) တွင် အမျိုးသမီး(၁) ဦးသည် Douyin user name 中缅签证-王慧၊ WH805089 , Wechat Acc: 中缅签证 အမည်ဖြင့် Short Video တစ်ခု လွှင့်တင်၍ တရုတ်နိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများအနေဖြင့် Notarial Attestion ထောက်ခံစာများပြုလုပ်လိုပါက မြန်မာသံရုံးသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ လူကိုယ်တိုင် မသွားရောက်လိုပါကလည်း ၎င်းမှ ကိုယ်စားဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ ဆောင်ရွက်လိုပါက အခကြေးငွေယူဝန်ဆောင်ခ (၂) မျိုးဖြင့်လက်ခံဆောင်ရွက်ပေးနေပြီး ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းဖြင့် ထုတ်လွှင့်ပြောကြားလျက်ရှိသည်ကို စိစစ်တွေ့ရှိခဲ့ရပါသည်။

၃။ မြန်မာသံရုံး၊ ပေကျင်းမြို့အနေဖြင့် အဆိုပါအမျိုးသမီးအပါအဝင် မည်သည့်ယခုကဲ့သို့ ပြင်ပပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကိုမျှ ယင်းသို့အခကြေးငွေယူဆောင်ရွက်ပေးရန် အခွင့်အာဏာ ပေးအပ်ထားခြင်း မရှိ (မရှိ) ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မြန်မာသံရုံး၊ ပေကျင်းမြို့သို့ လူကိုယ်တိုင်လာရောက် ရန်အတွက်အခက်ခဲရှိပါက Attestation ပြုလုပ်ရန်အတွက် လိုအပ်သောစာရွက်စာတမ်းများကို ခိုင်လုံသောအထောက်ထားများနှင့်တကွ အဝေးရောက်ပေးပို့လျက် မြန်မာသံရုံး၊ ပေကျင်းမြို့၏ တာဝန်ခံအရာရှိများ၏ ဆက်သွယ်ရန် ဖုန်းနှင့် Wechat နံပါတ် ၁၆၆၀၁၅၅၅၁၆၄ နှင့် ၁၆၆၀၀၀၄၇၅၁၅ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING

**မြန်မာသံရုံး၊ ပေကျင်းမြို့**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၆ ရက်